(၆) **ဖျူစေရီယမ်ပင်ညှိုးရောဂါ (Fusarium wilt)**

**ရောဂါဖြစ်စေသက်ရှိ - *Fusarium oxysporum* f.sp. *lycopersici* (Fusarium wilt of tomato)**

**ရောဂါလက္ခဏာ**

ခရမ်းချဉ်ပင် ပန်းပွင့်ပြီးနောက်ပိုင်းနှင့် အသီးစတင်ချိန်တွင် မကြာခဏဖြစ်ပေါ်လေ့ ရှိသည်။ ကနဦး လက္ခဏာများသည် အပင်၏ တစ်စိတ်တစ်ပိုင်းတွင် အနည်းငယ် ညှိုးနွမ်းသွားသကဲ့သို့ ဖြစ်ပေါ်လာနိုင်သည်။ အစပိုင်းတွင် အပင်အောက်ဖက်ရှိ အကိုင်းမှ အရွက်များ စတင်ဝါလာပြီး တစ်ကိုင်းလုံးဝါလာသည်။ ထို့နောက်ညှိုး သွားသည်။ အပင်ညှိုးခြင်း လက္ခဏာများကို နေ့တစ်နေ့၏ အပူဆုံးအချိန်များတွင် ပိုတွေ့ရတတ်သည်။ ပင်စည်၏ အောက် ခြေပိုင်းအား အရှည်လိုက် ဖြတ်ကြည့်ပါက ရေကြောများသည် ပုံမှန်အရောင်မရှိဘဲ အညိုရောင် မှ အနီ ရောင် ပြောင်းသွားသည်ကိုတွေ့နိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါရအပင်အားချက်ချင်းနှုတ်ယူဖျက်ဆီးမီးရှို့ပါ။
- နိုက်ထရိုဂျင်မြေဩဇာ အလွန်အကျွံအသုံးပြုခြင်းကို ရှောင်ရှားပါ။

- စိုက်ခင်းတွင် ထရိုင်ကိုဒါးမား (Trichoderma)  မှိုကို ထည့်ပေးပါ။
- မြေဆောင်ရောဂါဖြစ်သည့်အတွက် ရောဂါကျရောက်မှု ပြင်းထန်ပါက ငရုတ်၊ ခရမ်းချဉ်၊ အာလူး မဟုတ်သော အခြားသီးနှံများနှင့် (၅-၇) နှစ်ခန့်သီးလှည့်စိုက်ပျိုးပါ။